ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ကျောက်ကြီးမြို့နယ်

နေ့ရက်-မေလ(၂၇)ရက် ၂၀၂၀ ခုနှစ်

**<u>ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကျောက်ကြီးမြို့နယ်အတွင်းရှိပြည်သူလူထုများမှNCA-တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့်လူမှုဘဝလုံခြုံမှုအပေါ်ရပ်တည်ချက်များအား ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ကျောက်ကြီးမြို့နယ်မှသဘော ထားထုတ်ပြန်ချက်</u>**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကျောက်ကြီးမြို့နယ်မှပြည်သူလူထုများသည်၂၄/၁/၂၀၂၀ တွင် တစ်ကြိမ် လူနည်းစုဖြင့် ၁၅/၅/၂၀၂၀တွင်တစ်ကြိမ် ၂၆/၅/၂၀၂၀တွင်လည်းလူနည်းစုဖြင့်အများကိုကိုယ်စားပြုနိုင်သော ကျေးရွာခေါင်းဆောင်များမှမိမိတို့ကေအဲန်ယူ-ကျောက်ကြီးမြို့နယ်ထိန်းချုပ်နယ်မြေအတွင်း NCAတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြပါသည်။

ထိုကဲ့သို့ဆွေးနွေးခဲ့ရာတွင် ပြည်သူလူထု၏ သဘောထားဆုံးဖြတ်ချက်များကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကျောက်ကြီးမြို့နယ်သို့ အောက်ပါအတိုင်းပေးပို့ခဲ့ပါသည်။

-မိမိတို့နှင့်သက်ဆိုင်သောဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာစေရေးကို ပထမဦးစားပေး ပြုလုပ်ရန်။

-ဒေသအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာပြီးမှသာ ပြုလုပ်သွားရန်။

-လူမှုဘဝလုံခြုံရေး/အမျိုးသားလုံခြုံရေးနှင့်ပတ်သက်၍ KNU၏မူဝါဒအတိုင်း မိမိတို့ကရင်လူထုများ လိုက်နာမည်။

-အထက်ပါကိစ္စရပ်များအပေါ်လိုအပ်ပါက ကော်မတီများဖွဲ့ပြီး အပြန်အလှန်တာဝန်ယူမှုဖြင့်ပူးပေါင်း စီစဉ်ဆောင်ရွက်မည်။

-မိမိနှင့်သက်ဆိုင်သောဒေသအတွင်း စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်အတွက် KNUနှင့်အတူ NCA-တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ပါ အခန်း(၃)အခန်း(၆)နှင့်အညီ လိုက်နာဆောင် ရွက်မည်။

-မည်သည့်နေရာဒေသတွင်မဆို မိမိအမျိုးသားထုနှင့်ပြည်သူလူထုများ အရေးပေါ်ကျရောက်သော အရေးပေါ်ကိစ္စရပ်တိုင်း ကြုံတွေ့လာပါက မိမိတို့ကရင်အမျိုးသားများအချင်းချင်း စုပေါင်းညှိနှိုင်းပြီး KNUမူဝါဒအတိုင်း ဦးစားပေးဝိုင်းဝန်းကူညီမည်။

အထက်ပါပြည်သူလူထု၏ သဘောထားများကို ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးကျောက်ကြီးမြို့နယ်အလုပ်အမှုဆောင်ကော်မတီမှ လက်ခံအတည်ပြုခဲ့ပြီး ပြည်သူလူထုမှ လိုလားသည့် စစ်မှန်သောငြိမ်းချမ်းမှုနှင့်အာမခံချက်အပြည့်အဝရှိသော ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပြည်သူလူထု၏ လိုလားချက်များနှင့်အညီ တစ်သားတည်းရပ်တည်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြို့နယ်အလုပ်အမှုဆောင်ကော်မတီ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်-

-ကျောက်ကြီးမြို့နယ်အတွင်းရေးမှူး-phone-၀၉၆၈၈၃၀၇၀၇၉

-Gmail-mgfighter09@gmail.com